The Flower News, 6 – 12 April 2005

# လူ့အခွင့်အရေးသင်ခန်းစာများကြောင့် မြန်မာကလေးသူငယ်များ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် မှန်ကန်သောအခြေခံစိတ်ကူးများရရှိကြ

– ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး

**အယ်ဒီတာချုပ်ကိုကို(စက်မှုတက္ကသိုလ်)**
**ဆီရန်ယိမှ ပေးပို့သည်**

ဆီရန်ယိ၊ မတ်-၂၃

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်၂၀၀၄-၂၀၀၅ပညာသင်နှစ်မှ အစပြုကာ လူ့အခွင့်အရေးသင်ခန်းစာများကို အခြေခံပညာ ပဥ္စမတန်းမှ နဝမတန်းအထိ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းကာမိတ်ဆက်သင်ကြားနိုင်ခဲ့ခြင်းမှာ သိသာထင်ရှားလှသော အဆင့်တစ်ဆင့်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက ပြောကြားလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံ ဆီရန်ယိတွင် မတ်လ ၂၃ရက်မှ ၂၅ရက်ထိ ကျင်းပခဲ့သော (၇)ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသကလေးသူငယ်များဆိုင်ရာဝန်ကြီးများ အဆင့်အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးဗိုလ်ချုပ်စိန်ထွေးက ယင်းကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

'ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးသင်ရိုးညွှန်းတမ်းဟာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ စီးပွားရေး၊ လူမှုရေးနဲ့ယဉ်ကျေးမှုများဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်း ပြီးတော့ မြန်မာကလေးသူငယ် ဥပဒေတို့အပေါ် အခြေခံရေးဆွဲထားတာဖြစ်ပါတယ်။ အကျိုးကျေးဇူးအနေနဲ့ကတော့ ကလေးသူငယ်များဟာ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ မှန်ကန်တဲ့အခြေခံစိတ်ကူးတွေ ရရှိကြပါလိမ့်မယ်'ဟု ဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။



Photo: KK

ဝန်ကြီးဗိုလ်ချုပ်စိန်ထွေး

(၂)နှစ်တစ်ကြိမ် ကျင်းပသော

**စာမျက်နှာ(၈)သို့**

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှနှင့် ပစိဖိတ်နိုင်ငံများမှ ကလေးသူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး နိုင်ငံအလိုက် ဆောင်ရွက်မှုများကို အသီးသီးတင်ပြခဲ့ကြသည်။

ဝန်ကြီးဗိုလ်ချုပ်စိန်ထွေးက ဆက်လက်ပြောကြားရာတွင် လေလွင့်ကလေးသူငယ်များအရေးသည် နိုင်ငံတကာပြဿနာတစ်ခုဖြစ်ကြောင်း၊ ထိုကလေးသူငယ်များသည် အနာဂတ်ကိုပိုင်ဆိုင်နိုင်ခွင့်ရှိကြသည်နှင့်အညီ ကျွန်တော်တို့တွင် သူတို့အတွက် ပိုမိုတောက်ပသော အနာဂတ်ကို ဖန်တီးပေးရန်တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် လူမှုဝန်ထမ်းဦးစီးဌာနကဖွင့်လှစ်ထားသည့် လူငယ် သင်တန်းကျောင်းများတွင် လေလွင့်ကလေး သူငယ်(၂၉၈၆)ဦးကို ဘက်စုံဖွံ့ဖြိုးရေးအတွက် ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်းဖြင့် လေလွင့်ကလေးငယ်များစောင့်ရှောက်ထားမှုအခြေအနေများကို ရှင်းလင်းသွားခဲ့သည်။

အစည်းအဝေးတွင် အန်ကောဆီရန်ယိ ကြေညာစာတမ်းကို ဆွေးနွေးအတည်ပြုခဲ့ကြပြီး (၈)ကြိမ်မြောက်အစည်းအဝေးကို ပစိဖိတ်ကျွန်းနိုင်ငံ ဖီဂျီတွင်ကျင်းပရန် သဘောတူခဲ့ကြသည်။